၁

# " ညီညွတ်ခြင်း၏ အလှ "

ကောသမ္ဗီနိုင်ငံတော်သည် ဥတေနမင်း၏ စံမြန်းရာနိုင်ငံတော်ဖြစ်သည်။ ထိုနိုင်ငံသည် သဒ္ဓါတရားရှိကြသော နာမည်ကျော်သူဌေးကြီး သုံးဦးတို့၏ သဒ္ဓါတရား ပန်းရနံ့ တလှိုင်လှိုင် မွှေးကြူသဖြင့် ဗုဒ္ဓစာပေသမိုင်း၌ ထင်ရှား၏။ သူဌေးကြီး သုံးဦးမှာ ဃောသက သူဌေး ၊ ကုက္ကုဋ သူဌေး နှင့် ပါဝါရိက သူဌေးများဖြစ်ကြ၏။ သုံးဦးလုံးပင် သောတာပန်ဖြစ်ကြသည့်အပြင် မိမိပိုင် ဥယျာဉ်ခြံကျယ်ကြီး အသီးသီး၌ မွေ့လျော်ဖွယ်ရာကောင်းလှသော ခန်းနားကြီးကျယ်လှသော သံဃာထောင်ချီ သီတင်းသုံးနိုင်သော ကျောင်းတိုက်ကြီးများကို တည်ဆောက်လှူဒါန်းထားကြ၏။ မိမိကျောင်းတိုက်တွင် ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးတော်မူခိုက် မိမိတို့အိမ်၌ပင် ဆွမ်းဝတ်တာဝန်ယူကာလှူဒါန်းကြ၏။

ကောသမ္ဗီတွင် သူဌေးကြီးများနှင့် ပြည်သူများက ပစ္စည်းလေးပါးဖြင့် တာဝန်ကျေလှ၍ ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးရသည်မှာ ငြိမ်းချမ်းလှ၏ ။ သို့သော် မမျော်လင့်သော တစ်နေ့တွင် သုတ္တန်သင်တန်းဆရာ ရဟန်းတစ်ပါးသည် ကုဋီအိမ်သာတွင် ရေကျန်အနည်းငယ် ထားခဲ့မိသည်ကို အကြောင်းပြုကာ ဝိနည်းသင်တန်းဆရာနှင့် အငြင်းပွားသဖြင့် သံဃာငါးရာစီ နှစ်အုပ်စု ကွဲပြားခဲ့၏။ ဆွမ်းစားကျောင်းဆောင်တွင် ဆွမ်းအတူမဘုဉ်းပေး နိုင်လောက်ပင် အာဃာတ ကြီးမားသွားခဲ့၏။ သံဃာ အုပ်စု နှစ်စုသည် သိမ်ထဲတွင် ဥပုသ် အတူမပြုနိုင်လောက်အောင်ပင် နှစ်စု နှစ်ခြမ်း ပြန်းပြန်းကြီးကွဲ ပြားခဲ့လေသည် ။

ဘုရားရှင်ကိုယ်တိုင် အတိတ်သမိုင်းကြောင်းများနှင့် သာဓက အမျိုးမျိုးတင်ပြပြီး အကြိမ်ကြိမ် ဆုံးမ ဖြန်ဖြေသော်လည်း ထိုရန်ပွဲသည် လုံးဝ မငြိမ်းအေးနိုင်။ ဘုရားရှင်သည် ဆုံးမပြောဆိုရ ခက်ခဲလှသော တပည့်သာဂက များကို ငြီးငွေ့တော်မူသဖြင့် သပိတ် သင်္ကန်းတော်ကို ကိုယ်တိုင်ထမ်းလွယ်ကာ ကောသမ္ဗီကို ကျောခိုင်းလျက် အဖော်မပါဘဲ ကိုယ်တော်တစ်ပါးတည်းပင် ဖဲကြွတော်မူခဲ့ပြီ။

အပူဒဏ် ခံစားရသောသူသည် အအေးကို တောင့်တဘိသကဲ့သို့ မညီညွတ်သော တပည့်များကို စွန့်ခွာခဲ့သော ဘုရားရှင်သည် ညီညွတ်သော တပည့်များကို တွေ့မြင် ချီးမြှောက်လို၍ ကောသမ္ဗီနိုင်ငံ၏ အရှေ့ဘက် ဂါးရုံတော ဥယျာဉ်ကြီးတွင် သီတင်းသုံးကြသည့် မထေရ်မြတ်သုံးပါးထံသို့ ကြွရောက်

တော်မူခဲ့၏။ ထိုဥယျာဉ်ကို စောင့်သော ဥပါသကာသည် ဘုရားရှင်မှန်း မသိ၍ ဝင်ခွင့်မပေးဘဲ

တားမြစ်သော စကားသံကို အရှင်မြတ် အနုရုဒ္ဓါ ကြားခဲ့ရသဖြင့် လှမ်းကြည့်ရာ ဘုရားရှင်ကို မြင်တော်မူသဖြင့် ဝင်ခွင့်ပြုရန် ပြောဆို၏ ။

ထိုအရှင်မြတ်သည် ဘုရားရှင်ကို ထွက်ကြိုရန် ပြင်ဆင်တော်မူသည် ။ သူတစ်ပါးတည်း သွားရောက်ကြိုဆိုလျှင် မျက်နှာလို မျက်နှာရ ပြုလုပ်ရာရောက်သွားနိုင်သည် ။ ရဟန်းတော်သုံးပါး ညီညွတ်စွာနေကြသည်ဖြစ်၍ တစ်ပါးတည်းထွက်ကြိုလျှင် ညီညွတ်ခြင်းလည်းမမည်။ သို့ဖြစ်၍ ညီညွတ်ခြင်းကို ပြသသည့်အနေဖြင့် အခြားရဟန်းတော် နှစ်ပါးဖြစ်ကြသည့် အရှင်နန္ဒိယ နှင့် အရှင်ကိမိလတို့အား ဘုရားရှင်ကြွလာနေသဖြင့် ဆရာဘုရားရှင်အား အတူကြိုဆိုနိုင်ရန် အလျင်အမြန်ခေါ်ဆောင်ကာ သင်္ကန်းလှမ်းယူသူက ယူ၊ သပိတ်လှမ်းယူသူက ယူ၊ ခြေတော်ကို ဆေးပေးသူက ဆေးပေး၊ နေရာခင်းသူက ခင်း၍ ညီညွတ်စွာပင် အလိုက်သိသိဖြင့် ဆောင်ရွက်ကြလျက် ဂတ်ပြုတော်မူကြသည် ။

အရှင်မြတ်သုံးပါး သီတင်းသုံးတော်မူသည့် ဂေါသေဘာဥယျာဉ်ကျောင်းများသည် တောရ ဂါးကျောင်းများပင်ဖြစ်ပုံရသည်။ ကျောင်းက သုံးဆောင်၊ တစ်ပါးလျှင် တစ်ဆောင်စီဖြင့် သီတင်းသုံး တော်မူကြသည်။ ဥယျာဉ်ခြံကျယ်ကြီးမှာ လေတိုက်သံက လွှဲ၍ ဆိတ်ငြိမ် အေးမြလှပေမည်။ ဘုရားရှင်အကြိုက် နေရာမျိုးဖြစ်မည်မှာ သေချာ၏ ။ ဘုရားစသော သူတော်စင်များသည် ဆိတ်ငြိမ်သော နေရာကို မြတ်နိုးတော်မူကြသည်မှာ ဓမ္မတာပင် မဟုတ်ပါလော။

ဘုရားရှင်သည် ခင်းထားသော နေရာတွင် သီတင်းသုံးတော်မူလျက် ကျန်းမာရေး မျှ မမျှ ၊ ဆွမ်းဂတ် ပြည့်စုံ မစုံ၊ အလ္လာပ သလ္လာပ စကားတော်ဖြင့် မြွက်ကြားမေးမြန်းတော်မူ၏။ ထို့နောက် ညီညွတ်ခြင်း ရှိမရှိ၊ ချစ်ခင်သော မျက်လုံးအစုံတို့ဖြင့် ကြည့်ရှုနိုင်မှုကော ရှိမရှိ ဟူသော အမေးစကားကို ဆက်လက်မေးမြန်းတော်မူသည်။

အရှင်အနုရုဒ္ဓါမထေရ်မြတ်က ဦးဆောင်ကာ ကျန်းမာကြောင်း၊ ဆွမ်းဝတ်များပြည့်စုံကြောင်းအပြင် နို့နှင့်ရေ ရောစပ်ထားသလို မကွဲမပြား တစ်သားတည်းရှိပါကြောင်း၊ ငြင်းခုံခြင်း မရှိကြပါကြောင်းနှင့် ချစ်ခင်သော မေတ္တာမျက်လုံးတို့ဖြင့် အေးချမ်းစွာ ကြည့်ရှုနိုင်ပါကြောင်းကို လျှောက်ထားသည်။ ဘုရားရှင်က ဘယ်ပုံ ဘယ်နည်းဖြင့် ညီညီညွတ်ညွတ် နေကြသနည်းဟု မိန့်မြွက်တော်မူရာတွင် အရှင်မြတ်က ဤငြိမ်းချမ်းသော တောတွင် ဤကဲ့သို့ မိတ်ဆွေ ရဟန်းတော် နှစ်ပါးနှင့် အတူနေခွင့်ရသော တပည့်တော်သည် အလွန့်အလွန် ကံကောင်းလွန်းလှပါသည်ဟု ခံယူပါသည်။

တပည့်တော်သည် တပည့်တော်၏ ထိုမိတ်ဆွေ နှစ်ပါးအပေါ်မှာ မေတ္တာပါသော ကိုယ်အမှုရာ၊ မေတ္တာပါသော အပြော၊ မေတ္တာပါသော အတွေးများဖြင့် ရှေ့မှာသော်လည်းကောင်း၊ ကွယ်ရာမှာ သော်လည်းကောင်း ကျင့်ဆောင်ပါသည်ဟု လျှောက်ထားသည်။

တပည့်တော်သည် မိမိဖြစ်ချင်သော မိမိ၏အလိုဆန္ဒကို ဦးစားမပေးဘဲ၊ တပည့်တော်၏ ထိုမိတ်ဆွေ နှစ်ပါး၏ အလိုဆန္ဒအတိုင်း ဦးစားပေးကာ ကျင့်ဆောင် နေထိုင်ပါသည်ဟု ဆက်လျှောက်ထားသည်။ တပည့်တော်တို့ သုံးပါးသည် ကိုယ်ခန္ဓာအားဖြင့် သုံးဦးကွဲနေသော်လည်း စိတ်အနေအထားမှာ တစ်စိတ်တည်း ဖြစ်ကြပါသည်ဟု ထပ်ဆင့်လျှောက်ထားပြန်သည်။ ကျန်မိတ်ဆွေ နှစ်ပါးသည်လည်း ထိုပထမ ရဟန်းတော် လျှောက်ထားသကဲ့သို့ မကွဲ မပြား ထိုစကားအတိုင်းပင် ထပ်မံ၍ တစ်ပါးစီ လျှောက်ထားကြပြန်သည်။

ညီညွတ်ခြင်း အရသာသည် အဘယ်မျှငြိမ်းချမ်းလိမ့်မည်နည်း။ ဖတ်ရှုရရုံဖြင့်ပင် ရင်ထဲတွင် အေးချမ်းမှု ရှိလှပေသည်။ ဆက်လက်၍ ဘုရားရှင်က "ချစ်သား အနုရုဒ္ဓါတို့ သင်တို့သည် အပ္ပမာဒ သတိကို လက်ကိုင်ထားကာ ပြင်းထန်သော လုံ့လ ဝီရိယဖြင့် နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်မျိုးနှင့်ကော နေနိုင်ကြ၏လော" ဟုလည်း မေးမြန်းတော်မူ၏။

အရှင်အနုရုဒ္ဓါက နေထိုင်နိုင်ကြပါကြောင်း လျှောက်ထားပြန်၏။ ဘုရားရှင်က ဘယ်ပုံဘယ်နည်းဖြင့် နေကြသနည်းဟု ဆက်လက်မေးသည်ကို အရှင်အနုရုဒ္ဓါ ရဟန်းတော်က တပည့်တော်တို့ သုံးပါးမှာ ဆွမ်းခံရွာမှ အဦးဆုံးပြန်ကြွသော ပုဂ္ဂိုလ်က ခြေဆေးရေ ခပ်ထားခြင်း ၊ ဆွမ်းအပို ထည့်ရန် ဆွမ်းအုပ်ခွက်ကို အဆင်သင့်ထားပေးခြင်း၊ သောက်ရေ သုံးရေခပ်ထားခြင်း များကို ဆောင်ရွက်ကာ ဂမ်း႑ မျှတရုံ ဆွမ်းဘုဉ်းပေးတော်မူပါသည်။ ဆွမ်းခံ နောက်ကျ၍ ပြန်ရောက်သော ရဟန်းတော်က ဆွမ်းဦးဆွမ်းပိုထည့်ထားသော ဆွမ်းအုပ်ခွက်ထဲမှ ဆွမ်းကို လိုအပ်လျှင် ဘုဉ်းပေးသုံးဆောင်ပါသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် ဆေးကြောစရာများ၊ သိမ်းဆည်း စရာများကို သိမ်းဆည်းခဲ့ပါသည်။

သောက်ရေအိုး၊ သုံးရေအိုး၊ ကုဋ္ဌီအိမ်သာ သန့်စင်သုံးရေအိုးများတွင် ရေမရှိသည်ကို တွေ့မြင် ပါက မြင်သောပုဂ္ဂိုလ်က ရေခပ်ကာ ထည့်ထားပါသည်။ တစ်ဦးတည်း မနိုင်ပါက အသံမပြုဘဲ လက်ယပ်ခေါ်ကာ အတူ သယ်ဆောင်၍ တည်ထားကြပါသည်။ တပည့်တော်များသည် ငါးရက် တစ်ကြိမ် ညလုံးပေါက် တရားနာ တရားစာပေ ဆွေးနွေးကြပါသည်ဟု လျှောက်ထားလေသည်။

ထိုအရှင်မြတ်တို့၏ ငြိမ်းချမ်းသော နေနည်း၊ မမေ့သော သတိ၊ ကြီးမားသော ဝီရိယ၊ နိဗ္ဗာန်သို့ ကိုင်းညွတ်မှု ရှိသော စိတ်ထားတို့ကို အနီးကပ် ရှု မြင်သုံးသပ်မိသော ဆရာအရှင်ဘုရားမြတ်စွာ၏ စိတ်တော်မြတ်သည်လည်း ရေတွေ့သော ပဒုမ္မာကြာပန်းကဲ့သို့ လန်းဆန်းတော်မူမည်မှာ အသေအချာပင်ဖြစ်မည် ။

ပူလောင်မှု နှင့် အေးချမ်းမှုသည် အဘယ်မျှကွာခြားလေဘိသနည်း။ ပူလောင်မှု ဒေါသသည် ဘုရားရှင်သို့တိုင် ဒုက္ခပေးခဲ့လေ၏။ ဘုရားရှင်ကိုပင် ဒုက္ခရောက်စေ၏။ အေးချမ်းမှု မေတ္တာရိပ်သည်လည်း ဘုရားရှင်ကိုပင်သော်မှ ပိုမိုပြီး စိတ်ရော ကိုယ်ပါ ချမ်းသာစေတော်မူ၏။ ဘုရားရှင်သည် ကိုးဝါမြောက် ဝါတော်ကို ကောသမ္ဗီနိုင်ငံတွင် ဝါ ဆိုတော်မူခဲ့၏ ။ ထို နိုင်ငံတွင် တစ်ဝါ ဆိုတော်မူခဲ့ရာ ဘုရင့်မိဖုရား မာဂဏ္ဍီ၏ ရက်စက်စွာ စော်ကားပြစ်မှားမှု၊ ပုထုဇဉ်ရဟန်းတော် တပည့် သံဃာ တစ်ထောင် နှစ်ခြမ်းကွဲကာ ရန်ပွဲ အဓိကရုဏ်း ဖြစ်မှုတို့ဖြင့် ဆိုးဝါးလှသော လောကဓံကို တိုက်ပွဲဝင်သော စစ်ဆင်ပြောင်ပမာ ကြံ့ကြံ့ခံတော်မူခဲ့ရသည် ။

ထိုကဲ့သို့ ပူလောင်ဆူပွက်မှုများကို ရှောင်လွှဲတော်မူကာ အေးချမ်းညီညွတ်သော တပည့်များကို တွေ့မြင်ချီးမြှောက် တရားဟောပြီးနောက်၊ ဆယ်ဝါမြောက် ဝါတော်ကို ပါလိလေယျက ရွာအနီး ရက္ခိတတောအုပ်တွင် ပလလဲ ဆင်မင်း၏ ပြုစု စောင့်ရှောက်မှုကို ချီးမြှောက်တော်မူကာ ကိုယ်တော်တစ်ပါးတည်းပင် ဝါဆိုခဲ့ရပေသည်။

ဘုရားရှင်အား ဒုက္ခပေးခဲ့ကြသော ပုထုဇဉ် သံဃာ တစ်ထောင်တို့အား ကောသမ္ဗီပြည်သူများက ဆွမ်းရိက္ခာဖြတ်တောက် အိုးမှောက် သပိတ်ပွဲ ဆင်နွှဲလျက် ဒေါသ ကို ပြေငြိမ်းစေခဲ့ကြ၏။ ထို ပုထုဇဉ် သံဃာ တစ်ထောင်သည် ။ ဝါကျွတ်ပြီးနောက် ဘုရားရှင်သီတင်းသုံးရာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ကြွရောက်ကာ ဘုရားရှင်အား ညီညွတ်စွာပင် တောင်းပန်ဝန်ချ ကန်တော့ခဲ့ကြသည်။ ဒေါသ အမျက်ပြေငြိမ်းသောအခါ၌ ထိုသံဃာများသည် အလွန်ရှက်နိုးလှ၍ မျက်နှာမပြရဲလောက်အောင်ပင် ခံစားခဲ့ကြရသည်။ဃာတ မာန တရားဆိုးတို့၏ ဝင်ရောက်ပူးကပ် နိုပ်စက်ခံခဲ့ကြသဖြင့် ဘီလူး၊ တစ္ဆေ၊ သူရဲ ဝင်ပူးခံရသူများပမာ ဒုက္ခရောက်ခဲကြခြင်းသာဖြစ်၍ သနားဖွယ်ရာ အဖြစ်ရှုမြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဤမျှဆိုးဝါးလှသော ဒေါသ၊ အာဃာတ၊ မာန စသော တရားဆိုးများကို မိမိစိတ်အတွင်း မဝင်နိုင်အောင် သတိ ပညာဖြင့် တားဆီးရပေမည်။ အခန့်မသင့်၍ ဝင်လာခဲ့ပါမူ မြန်မြန်မောင်းထုပ်ပစ် ရပေလိမ့်မည် ။

အကောင်းဆုံး မောင်းထုတ်နည်းမှာ ပုဂ္ဂိုလ် အမြင်ဖြင့် မသုံးသပ် မရှုမြင်ဘဲ နာမ်သဘောအဖြစ် ရှုမြင်ကာ ဝိပဿနာ ဉာဏ်ဖြင့် ဖြစ်ပျက် ရှုမှတ်၍ မောင်းထုတ်နိုင်လျှင် ပိုမို၍ ကောင်းမွန်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည် ။

သစ္စာပါရမီဆရာတော်
စင်္ကာပူနိုင်ငံ
(၂၂-၀၈-၂၀၁၁)